ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကာကွယ်ရေးဝန်ကြီးဌာန

စစ်ရေးသတင်း

အကျဉ်းချုပ်

23.4.2022

Date -23/04/22

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း အကျဉ်းချုပ်

စစ်ကောင်စီတပ်သားကျဆုံး	စစ်ကောင်စီတပ်သားဒဏ်ရာရ
(၃၀)ဦး	(၁၀)ဦး

စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

ကချင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ မင်းကျောင်းကုန်းကျေးရွာသို့ စစ်ကြောင်းထိုးလာသော အင်အား (၄၀) ပါ စကစတပ်ဖွဲ့ကို မြို့လှ PDFမှ စောင့်ကြိုတိုက်ခိုက်ရာ စကစတပ်သား အများအပြားသေဆုံးခဲ့သည်။

ကရင်နီ(ကယား)ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့ ကရင်နီ(ကယား)ပြည်နယ်၊ ဖရူဆိုမြို့နယ် ၊ ထားလဲကျေးရွာအနီးတွင် KA နှင့် KNDF ပူးပေါင်းပြီး စကစတပ်နှင့် တိုက်ပွဲဖြစ်ပွားခဲ့ပြီး စကစဘက်မှ (၃) ဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ချင်းပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ မတူပီမြို့မှ (၁၃) မိုင်အကွာ တွီရစ်ကျေးရွာနှင့် ဝလံပီးကျေးရွာကြားတွင် စကစတပ်များနှင့် CDF-Matupi တို့တိုက်ပွဲဖြစ်ပွားခဲ့ကာ စကစဘက်မှ တပ်သား (၅) ဦး သေဆုံးသွားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့ စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ ဝမ်းပြည့်ကျေးရွာနှင့် အလ္လကပ္ပကျေးရွာ ကြားတွင် စကစ ကား (၂) စီး ၊ ၎င်းကားရှေ့ စကစ တပ်သား (၂၀) ဦးခန့်အား DK PDF-MMU ၊ Black Eagle Defense Force MMU ၊ မြောင် CDSOM ၊ PAFD ညီနောင် မဟာမိတ် ၅ ဖွဲ့မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစ တပ်သား (၅) ဦးသေဆုံးခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့ စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ ထီးဆောင်းကျေးရွာအနီးတွင် စကစ လက်အောက်ခံ ရဲကား (၂၄) စီးအား People Defence Force Myinmu (MMPDF) မှ မိုင်းဆွဲ တိုက်ခိုက်ခဲ့ရာ စကစ ကား (၁) စီး ထိခိုက်ပျက်စီးသွားကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့ စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ အရာတော်မြို့ အထကကျောင်း၌ တပ်စွဲထားသော စကစ တပ်သားများကို Ayadaw Bone Naing PDF-ABN PDF၊ မုံရွာခရိုင်တပ်ရင်း-၄ (Chindwin Attack Force) တပ်ခွဲ ၁ သပြေညိုပျောက်ကျားတပ်ဖွဲ့၊ Ayardaw Falcon Force(AF2) ၊ Excellent Flag တပ်ဖွဲ့၊ အရာတော်မြို့နယ်(ပကဖ)တို့မှတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၁)ရက်နေ့ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ ဒီပဲယင်းရဲစခန်းနှင့် ရဲကင်းတို့အား DRPA တပ်ရင်း ၂ ၊ ကျားလေး PDF ပြောက်ကျားစစ်သည်တော် ၊ ဒေသခံကာကွယ်ရေး အဖွဲ့များမှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

တနင်္သာရီတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့ တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်ဘက်မှ ဆင်းလာသော စကစ ကား (၁၂) စီးပါ ယာဉ်တန်းကို ပုလောပြည်သူ့ကာကွယ်ရေးတပ်မတော် (PPDF) ၊ မဟာမိတ်တပ်ပေါင်းစု များမှ ကဒဲရွာနှင့် ပဝတ်ကုန်းရွာအကြားတွင် ပထမအကြိမ် မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး ကျော်ထွက် လာသော စကစ ကားများကို ခမောင်းတောရွာအနီးတွင် ထပ်မံ၍မိုင်းဆွဲခဲ့ရာ စကစ ကား ၂ စီး မီးလောင်သွားခဲ့ကာ စကစ တပ်သား ၁၀ ဦး ထက်မနည်း သေဆုံးသွားခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့၊ တနင်္သာရီတိုင်း၊ သရက်ချောင်းမြို့နယ်၊ မြိတ်-ထားဝယ် ကားလမ်းပေါ် စကစ ကား ၁၃ စီးခန့်၊ အင်အား ၂၀၀ ခန့် ပါဝင်သည့်ရေတပ်အရာရှိများ လိုက်ပါလာသော စကစ ယာဥ်တန်းကို KNDO အထူးတပ်ရင်းနှင့် ထားဝယ်ခရိုင် ပြည်သူ့ကာကွယ်ရေး တပ်ဦးတို့မှ သရက်ချောင်းမြို့နယ် ရန်တောင်ကျေးရွာ အရောက်တွင် ရှေ့ထွက်မိုင်း ၃ လုံး၊ မိုင်းကြီး ၅ လုံးနှင့် တိုက်ခိုက်ခဲ့ပြီး မိုင်းဆွဲတိုက်ခိုက်မှုကြောင့် စကစတပ်ဖွဲ့ဝင်များ ထိခိုက် ကျဆုံးမှုများ ရှိခဲ့ကာ မိုင်းဆွဲခံရပြီးနောက် စကစတပ်သားများ ရမ်းသမ်းပစ်ခတ်သော လက်နက်ကြီးကျည်များ၊ ကျည်ဆန်များ ညောင်ဇင်နှင့် ရန်တောင်ကျေးရွာမှ နေအိမ်အများအပြားကို ထိမှန်ပြီး မှန်တံခါးများ အုတ်နံရံတချို့ပျက်စီးခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့၊ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ရွာသစ်ကျေးရွာအနီးရှိ စကစ၏ စစ်ဆေးရေး ဂိတ်တံတားကို မွန်ပြည်နယ်အခြေပြု တော်လှန်ရေးအဖွဲ့အစည်း (MSRO) မှ အနီးကပ်ဝင်ရောက်ပစ်ခတ်ခဲ့ရာ စကစတပ်သား ၂ ဦးသေဆုံး၍ ဗိုလ်တစ်ဦးအပါအဝင် တပ်သား ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

စစ်ကောင်စီ၏ အကြမ်းဖက်မှုများ

<u>ကချင်ပြည်နယ်</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ မြစ်ကြီးနားမြို့ အကျဉ်းထောင်တွင် ဖမ်းဆီးခံထားရသော ကချင်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်ကို ပုဒ်မ (၅၅) ဖြင့် ထောင်ဒဏ် (၁၂) နှစ်ချခဲ့ပြီး၊ ဘဏ္ဍာအခွန်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းအား ထောင်ဒဏ် (၉) နှစ်၊ လူမှုရေးဝန်ကြီး ဦးနေဝင်းအား (၃) နှစ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်လူစွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးဇော်ဝင်းအား (၃) နှစ်၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့် အား (၃) နှစ်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ဝန်ကြီး ဦးဒါရှီလဆိုင်း အား (၃) နှစ်၊ ကချင်ပြည်နယ် စည်ပင်ဝန်ကြီး ဦးနော်လီ (ခ) ခမ်းရယ် အား (၃) နှစ် အသီးသီးချမှတ်ခံရကြောင်း သိရသည်။

Date -23/04/22

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကရင်နီ(ကယား)ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့၊ ကရင်နီ(ကယား)ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ခေါက်ပလော့ ရပ်ကွက်နှင့် ငူးပလော့ရပ်ကွက်ကြားရှိ လူနေအိမ် ၂ လုံးကို စကစတပ်က မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ရှည်ကျေးရွာ၌ စကစ တပ်သားများနှင့် ပျူစောထီး အင်အား (၁၀၀) ခန့်သည် ရွာမြောက်ဘက်မှဝင်၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ပြီး နေအိမ်များကိုမီးရှို့ခဲ့ရာ တစ်ရွာလုံးနီးပါးမီးလောင်သွားခဲ့ပြီး ဦးအောင်မြင့်၊ ဒေါ်ခင်ပုတို့(၂)ဦးသည် မီးလောင်သည့်အထဲ ပါဝင်သွားခဲ့ကြောင်းနှင့် ရွာသားတချို့ ကိုဖမ်းဆီးသွားခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ မင်းမကုန်းကျေးရွာအနီးတွင် ပြည်သူ (၁) ဦးအား စကစ တပ်သားများက အကြောင်းမဲ့ သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်သွားခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ ရေရှင်ကျေးရွာသို့ စကစ တပ်သားများက လက်နက်ကြီးများ ပစ်ခတ်မှုကြောင့် နေအိမ် (၇) လုံးမီးလောင်ပျက်စီးသွားခဲ့သည်။

တနင်္သာရီတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့၊ တနင်္သာရီတိုင်း၊ သရက်ချောင်းမြို့နယ်၊ ညောင်ဇင်ကျေးရွာနှင့် ရန်တောင်ကျေးရွာအသွားလမ်းပေါ်၌ စကစယာဉ်တန်းတစ်ခု ဖြတ်လာချိန် ဆိုင်ကယ်မောင်းနှင် လာသည့် ရန်တောင်ကျေးရွာဒေသခံဖြစ်သူ ကိုစိုင်းမောင်ကို အကြောင်းမဲ့ ပစ်ခတ် သတ်ဖြတ်ခဲ့ ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့၊ တနင်္သာရီတိုင်း၊ သရက်ချောင်းမြို့နယ်၊ စော်ဖျားကျေးရွာမှ ရွာသား ဦးသိန်း ကို စကစ တပ်သားမှ သေနတ်နှင့်ပစ်သတ်ခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မကွေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့၊ မကွေးတိုင်း၊ ပေါက်မြို့နယ် တောင်ပိုင်းရှိ ကျွန်းကြီးရွာကို စကစ တပ်ဖွဲ့များက ဝင်ရောက် စီးနင်း၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့၊ မကွေးတိုင်း၊ ပေါက်မြို့နယ်၊ ကျောင်းကုန်းရွာကို စကစတပ်နှင့် ပျူစောထီး အဖွဲ့များက ကျေးရွာအတွင်းရှိ ပြည်သူပိုင်နေအိမ်များကို ဒုတိယအကြိမ် မီးရှို့ခဲ့ပြီး စကစ တပ်များသည် ကျေးရွာအတွင်းရှိ ပြည်သူပိုင်နေအိမ်များနှင့် ကွမ်းခြံများကိုပါ မီးရှို့ဖျက်ဆီးခဲ့ကာ ပြည်သူပိုင်ပစ္စည်းများကိုလည်း ကားများဖြင့် တင်ဆောင်သွားကြောင်း သိရသည်။

မန္တလေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့၊ မန္တလေးတိုင်း၊ မန္တလေးမြို့တွင် စကစမှ အဂတိပုဒ်မဖြင့် ဖမ်းဆီးခံထားရသော ပြည်ထောင်စုအဆင့် ဝန်ကြီး ၂ ဦး ဖြစ်သည့် မြန်မာနိုင်ငံရင်းနှီးမြှပ်နှံမှု ကော်မရှင် ဥက္ကဋ္ဌ၊ ဝန်ကြီး ဦးသောင်းထွန်းအား အလုပ်နှင့် ထောင်ဒဏ် (၈) နှစ်၊ ဆောက်လုပ်ရေး ဒုဝန်ကြီး ဦးကျော်လင်း အား ထောင်ဒဏ်နှစ် (၂၀) အသီးသီးချမှတ်လိုက်ကြောင်း သိရသည်။

ရှမ်းပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၇)ရက်နေ့၊ ရှမ်းပြည်နယ်၊ ရွာငံမြို့နယ်၊ ပဲရင်းတောင်ရွာသားများကို ပျူစောထီးခေါင်းဆောင် ဇော်မြတ် နှင့် ဝင်းမြင့် တို့သည် စကစတပ်များကို ခေါ်ဆောင်ပြီး ပဲရင်းတောင်ရွာမှ ကိုတင်ဖေ၊ ကိုလှစိုး၊ ကိုထွန်းဦး၊ မောင်သက်အောင်၊ ကိုမျိုးထွေး၊ ကိုဝင်းနိုင်တို့အား ဖမ်းဆီးခဲ့ပြီး ဧပြီလ ၁၉ရက်နေ့၌ ပဲရင်းတောင်ရွာ မြောက်ဘက်ကုန်းပေါ်တွင် ကားတာယာများနှင့် မီးရှို့သတ်ဖြတ်ထားခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့၊ ရှမ်းပြည်နယ်၊ ရွာငံမြို့နယ်၊ ပဲရင်းတောင်ရွာ၌ စကစတပ်များက ပဲရင်းတောင် ရွာသား ကိုဖိုးပြောင်၊ ကိုလှရွှေ၊ ကိုဘထူး တို့ကိုမီးရှို့သတ်ဖြတ်ပြီး ဘုန်းကြီးကျောင်း အရှေ့ဘက် ခြံထဲတွင် မြှုပ်ထားခဲ့ကြောင်း သိရသည်။